ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


ကျုံချိုက်ကျေးရွာ၊ မြကိုင်းကျေးရွာအုပ်စု

၂၀၁၈ခုနှစ်　　　　ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ..........................................................................................................၂
၂။မြေကိုင်းကျေးရွာအုပ်စုမြေပုံ.......................................................................................................၃
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း.......................................................၄
၄။ကျေးရွာအခြေခံအချက်အလက်များ............................................................................................၅
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်...................၆
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ...၇
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ....................၂၃
၈။ကျေးရွာကော်မတီစာရင်း.............................................................................................................၂၆
၉။ပုံစံစ-၁။ကျေးရွာအချက်အလက်.......................................................................................................၂၇
၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်..........................................................................၃၀
၁၁။အစည်းအဝေးမှတ်တမ်းများ.......................................................................................................၃၂
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)..............................................၃၉

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ မြကိုင်းကျေးရွာအုပ်စုမြေပုံ



## ၃။မြကိုင်းကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁။မြကိုင်းကျေးရွာ

၂။ကျုံချိုက်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ကျုံချိုက်ကျေးရွာသည်ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် မနီးမဝေးမှာရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ကျုံချိုက်ကျေးရွာ စတင်ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း (၁၀၀)ခန့်ရှိပါသည်။ ကျုံချိုက်ကျေးရွာသည် ပင်လယ်မှချောင်းငယ်လေးတခု စီးဆင်းလာရာ ယခုဘူးကုန်းကျေးရွာနားတွင် အဆုံးသတ်ပြီး ကျုံချိုက်ချောင်းနားတွင် တည်ခဲ့သောရွာဖြစ်သောကြောင့် ကျုံချိုက်ကျေးရွာဟု အမည်ပေးခဲ့ပါသည်။ ကျုံချိုက်ကျေးရွာသည် အဓိကစီးပွားရေးအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကလုပ်ကိုင်စားသောက်ကြပါသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ စပါးနှင့်ပဲများဖြစ်ပြီး မွေးမြူရေးမှာဆိတ်၊ ဂက်၊ ကြက်တို့ကိုမွေးမြူလုပ်ကိုင်ကြပါသည်။ ကျုံချိုက်ကျေးရွာနှင့်နယ်နိမိတ်ချင်း ထိစပ်နေသောရွာများမှာ အရှေ့ဘက်တွင်ကပ်မလာချောင်း၊ အနောက်ဘက်တွင် ရွှေညောင်ပင်အုပ်စုနှင့် ငလျှင်ချောင်း၊ တောင်ဘက်တွင်ပင်လယ်၊ မြောက်ဘက်တွင်မြကိုင်းကျေးရွာတို့ဖြစ်ပါသည်။ ကျုံချိုက်ကျေးရွာသည် ကျောက်တန်းမြို့နယ် နှင့် ၄၂ မိုင်ခန့်ကွာဝေးပါသည်။ ကျုံချိုက်ကျေးရွာမှ ကျောက်တန်းသို့ မိုးရာသီတွင်ဆိုင်ကယ်၊ စက်လှေဖြင့်သွားရပါသည်။ နွေရာသီတွင်လဲဆိုင်ကယ်၊ ကားဖြင့်သွားလာ၍ရသည်။ ဝင်ငွေအသင့်အတင့်ကောင်းမွန်မှုရှိပါသည်။ ပညာရေးကိုအလေးထား ဆောင်ရွက်ကြပါသည်။ ဘာသာတရားကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီကြပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၆ | ၄ | ၅ | ၉ |
| မြေယာမဲ့ | ၄ | ၅ | ၈ | ၁၃ |
| မသန်စွမ်း | ၁ | ၁ | ၀ | ၁ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | |
| ပဲတီစိမ်း | နွား | | |
| | | | |
| | | | |
| | | | |

## ၆။ ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၃၅ | | | | ၁/၂ | |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၁ | ၇ | | | | ၃ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၃ | ၂ | - | ၁၀ | ၂၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | | ၂၀ | ၅ | ၂၀ | |

## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၅-၁၁-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၈ | ၅ | ၁၃ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၅-၁၁-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀ | ၅ | ၁၅ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊မွေးမြူရေးလုပ်ငန်းများ၊ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၁၆-၁၁-၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါးအုပ်စုများ | ၁၈ | ၃၂ | ၅၀ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၁၅-၁၁-၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၈ | ၅ | ၁၃ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများ နှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက် လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၅-၁၁-၂၀၁၉ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၃ | ၈ | ၂၁ | အမျိုးသားများ နှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု နှင့်မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၁၅-၁၁-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၁၀ | ၅ | ၁၅ | ကျေးရွာတွင်းရှိပိုင်ဆိုင်ထားသောအရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

**၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်။**



## သုံးသပ်ချက်

ကျုံချိုက်ကျေးရွာသည် မြကိုင်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး ကျောက်တန်းမြို့၏ တောင်ဘက် (၄၂)မိုင်ကွာဝေးပါသည်။ ကျေးရွာတွင် အိမ်ထောင်စု(၁၄၈)စု အမျိုးသား(၃၃၁)ယောက် အမျိုးသမီး (၁၇၄)ယောက် ရှိပါသည်။ အသက်မွေးဝမ်းကြောင်းအနေဖြင့် လယ်ယာလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ရွာတွင်းတွင်နေထိုင်ကြသူအများသည် ဗုဒ္ဓဘာသာလူမျိုးစုများဖြစ်ကြပါသည်။ နည်းပညာဖြင့် စိုက်ပျိုးထုတ်လုပ်သော ကုန်ပစ္စည်းများနှင့် အသီးအရွက်များနည်းပါးပါသည်။ ကျေးရွာအတွင်းတွင် မူလတန်းစာသင်ကျောင်းတစ်ကျောင်း၊ ကျေးရွာတစ်ရွာလုံးမှီခိုအားထားရသော သောက်သုံးရေကန်တစ်ကန်နှင့် အဂီစီတွင်းတစ်တွင်းရှိပါသည်။ တစ်ရွာလုံးကိုးကွယ်ကြသော ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် စေတီတစ်ခုစီရှိပါသည်။ ကျုံချိုက်ကျေးရွာတွင် ချမ်းသာသောအိမ်မှာနည်းပါးပြီး အလယ်အလတ်အဆင့်ရှိသောအိမ်အရေအတွက်က ပိုများပါသည်။ ရွာ၏မြောက်ဘက်တွင် ဂန်ထမ်းအိမ်ရာတစ်ခုရှိပါသည်။ ရွာ၏တောင်ဘက်တွင် တံတားတစ်စင်းနှင့် ကမ်းပတ်တာကြီးလည်းရှိပါသည်။

လူထုဗဟိုပြုစီမံကိန်းပထမနှစ် စက်ဝန်းတွင် အုပ်စုမှခွဲဝေရရှိသောငွေ ၁၃၀၂၀၀၀၀ကျပ် ဖြင့် ကျေးရွာကွန်ကရစ်လမ်းခင်းခဲ့ပြီး စီမံကိန်းဒုတိယနှစ်တွင် ကျေးရွာတွင်းကျန်ရှိသော လမ်းများအား ဆက်လက်ပြီး ကွန်ကရစ်လမ်းခင်းရန် ကျေးရွာလူထုမှ အကြံပြုခဲ့ကြပါသည်။

၂။ ပိုင်ဆိုင်မှု အဆင့်သတ်မှတ်ချက်။



ဥက္ကာဓမ္မကြွယ်ဝမှုအဆင့်ခွဲခြားခြင်း

ကျုံးသီးကြက်ကျေးရွာ၊ မြကိုင်းကျေးရွာအုပ်စု၊ ကျောက်တန်းမြို့နယ် ၁၆.၁၁.၂၀၁

| အဆင့် | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အသင့်အတင့် ချမ်းသာသူ | စက်လှေ၊ ဆိုင်ကယ်၊ ဈေးဆိုင်၊ လယ်၊ ၁၅၀ ဧကအထက်၊ သွပ်မိုး၊ ပျဉ်ကာအိမ်၊ လက်ကိုင်ဖုန်း၊ TV၊ | ၉ | ၆% |
| အလယ်အလတ် နွမ်းပါးသူ | လုပ်ငန်းရှိ၊ နေစရာရှိ၊ စက်လှေ၊ လယ် – ၁၀ ဧကအောက်၊ သွပ်မိုး၊ ဓနိမိုး၊ ပျဉ်၊ ထရံကာ၊ TV၊ ဖုန်း | ၆၉ | ၄၇% |
| နွမ်းပါးသူ | နေစရာသာရှိ၊ လက်လုပ်လက်စား၊ ဓနိမိုး၊ ထရံကာ၊ ဖုန်း | ၆၀ | ၄၁% |
| အနွမ်းပါးဆုံး | အလုပ်အကိုင်မရှိ၊ မြဲမြံအားထားရာမရှိ၊ ဓနိမိုး၊ ထရံကာ | ၁၀ | ၇% |
| | စုစုပေါင်း | ၁၄၈ | ၁၀၀% |

## သုံးသပ်ချက်

ကျုံချိုက်ကျေးရွာတွင် အသင့်အတင့်ချမ်းသာသူ၊ အလယ်အလတ်နွမ်းပါသူ၊ နွမ်းပါးသူ၊ အလွန်နွမ်းပါးဆုံး ဟူ၍ လူမှုအဆင့် (၄)ဆင့်ရှိပါသည်။

**အသင့်အတင့်ချမ်းသာသူ-** အသင့်အတင့် ချမ်းသာသောအဆင့်မှာ စက်လှေ၊ ဆိုင်ကယ်၊ ဈေးဆိုင်၊ လယ်ဧက ၁၅၀အထက်၊ သွက်မိုး၊ ပျဉ်ကာအိမ် လက်ကိုင်ဖုန်း၊ TV တို့အားပိုင်ဆိုင်ထားကြပြီး အိမ်ထောင်စု အရေ အတွက်မှာ (၅)စု၊ ရာခိုင်နှုန်း(၃%)ရှိပြီး၊ တောင်သူလုပ်ငန်း၊ အရောင်းအဝယ်နှင့် ရေလုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်ကြပါသည်။


**အလယ်နွမ်းပါးသူ-** လုပ်ငန်းရှိသူ၊ နေစရာရှိ၊ စက်လှေ၊လယ်-၁၀ ဧကအောက်၊ သွပ်မိုး/ဓနိမိုး ထရံကာအိမ်၊ ဖုန်းတို့ကိုပိုင်ဆိုင်ထားသော အိမ်ထောင်စုမှာ(၇၃)စု နှင့်ရာခိုင်နှုန်း (၄၉%)ရှိပြီး လယ်လုပ်ငန်းနှင့် ငါးလုပ်ငန်းကို လုပ်ကိုင်စားသောက်ကြပါသည်။

**နွမ်းပါးသူ -** နွမ်းပါးသူအဆင့်တွင် နေစရာရှိ၊လက်လုပ်လက်စား၊ ဓနိမိုး/ထရံကာအိမ်နှင့် ဖုန်းတို့ကို ပိုင်ဆိုင် ထားကြပြီး အိမ်ထောင်စု(၆၀)နှင့် ရာခိုင်နှုန်း (၄၁%)ရှိပြီး ပြန်ကျလုပ်ငန်းကို လုပ်ကိုင်စားသောက်ကြပါသည်။

**အလွန်နွမ်းပါးသူ-** အလုပ်အကိုင်မရှိ ၊ မှီခိုအားထားရာမရှိ၊ ဓနိမိုးထရံကာအိမ် ကိုပိုင်ဆိုင်ထားပြီး အိမ်ထောင်စု (၁၀)စုနှင့် ရာခိုင်နှုန်း (၇%) ရှိပြီး ပြန်ကျလုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်ကြပါသည်။

ကျေးရွာအတွင်းအလွန်နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီး မရှိခြင်း တို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ရာသီဥတု** တန်ခူး၊တပေါင်း၊ တန်ဆောင်မုန်း၊ နတော်လများတွင် နေပူပြီး ကဆုန်လ၊ နယုန်၊ သီတင်းကျွတ်၊ တော်သလင်း၊ များတွင်မိုးအနည်းငယ်သာရွာ၍ ဝါဆို၊ ဝါခေါင်လများတွင် မိုးများပါသည်။ ပြာသို၊ တပို့တွဲလများနှင်းအနည်းငယ်ကျပြီး နေပူပါသည်။

**စိုက်ပျိုးရေး** နယုန်လများတွင် စပါးကိုစတင်စိုက်ပျိုးပါသည်။ သီတင်းကျွတ်လများတွင် စပါးရိတ်သိမ်းကြပါသည်။


**မွေးမြူရေး** မိသားစု တပိုင်တနိုင်ဂင်ငွေရရှိရန်အတွက် ဘဲ၊ကြက်၊ဝက်တို့ကို တနစ်ပတ်လုံး မွေးမြူကြပါသည်။

**ဝင်ငွေ** သီးနံ့ပေါ်ချိန်များဖြစ်သော တန်ဆောင်မုန်းလ၊ နတ်တော်လ၊ ပြာသိုလ၊ များတွင်ဂင်ငွေများပြီး တပို့တွဲလတပါင်းလများတွင် အသင့်အတင့်ဂင်ငွေရှိကာ ကျန်လများတွင် ဂင်ငွေနည်းပါးပါသည်။

**တံငါလုပ်ငန်း-** နတ်တော်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ငါးအများအပြားရပြီး ပုဇွန်များလဲရရှိပြီး ကျန်လများတွင် ငါးအနည်းငယ်ရရှိပါသည်။

**ပွဲလမ်းသဘင်** တပေါင်းလတွင်ဘုရားပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် မီးထွန်းပွဲတော်များကထိန်ပွဲ၊ တန်ခူးလတွင်သင်္ကြန်ပွဲတို့ကိုကျင်းပကြပါသည်။

**၄။ ဗင်းပုံစံသုံးသပ်ချက်။**




## သုံးသပ်ချက်

ကျေးရွာအတွင်းရှိသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ရေလုပ်ငန်းကြီးကြပ်ရေးကော်မတီ၊ ပြည်သူ့စစ်၊ ဂေါပကအဖွဲ့၊ နာရေးကူညီမှုအဖွဲ့၊ မြစိမ်းရောင်ကော်မတီ၊ လူထုဗဟိုပြုကော်မတီတို့ရှိပါသည်။ ၎င်းအဖွဲ့အစည်းများမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူ့စစ်အဖွဲ့တို့သည် ကျေးရွာလုံခြုံမှုရှိရန်အတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူထုဗဟိုပြုစီမံခန့်ခွဲမှုကော်မတီသည် ကျေးရွာကိုဖွံ့ဖြိုးတိုးတက်ရေးမြှင့်မားအောင် ပူးပေါင်းဆောင်ရွက်ကြပါသည်။ နာရေးအဖွဲ့သည် ကျေးရွာဘာသာရေး၊ သာသနာရေး၊ နာရေးကိစ္စရပ်များကို ဆောင်ရွက်ကြပါသည်။ မြစိမ်းရောင်အဖွဲ့အစည်းသည် စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင် ဆောင်ကြပြီး ကျေးရွာ၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။ ဂေါပကအဖွဲ့ကသည် ကျေးရွ၏ ဘာသာရေးလုပ်ငန်းများတွင် ဦးဆောင်လုပ်ကိုင်ကြပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တို့သည် ကျေးရွာ၏ အခြေခံလိုအပ်ချက်ဖြစ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် အခြေခံအဆောက်အအုံများကို ဆောင်ရွက်ပေးလျက်ရှိပါည်။ ငါးလုပ်ငန်းဦးစီးဌာနသည် ကျေးရွာ၏ ငါးလုပ်ငန်းဆောင်ရွက်ကြသူများ စနစ်တကျ ဥပဒေနှင့်အညီဆောင်ရွက်တတ်စေရန် နည်းပညာများကို လမ်းညွှန်ပြသပါသည်။ စိုက်ဘဏ်သည် ကျေရွာတောင်သူလယ်သမားများ စိုက်ပျိုးရင်းနှီးငွေများရရှိရန် တနစ် တကြိမ် ချေးငွေများထုတ်ချေးပေးပါသည်။ လဂကဦးစီးဌာနတို့သည် ကျေးရွာ၏ လူဦးရေ စာရင်းအမှန်အကန်ရရှိရန်နှင် နိုင်ငံသားစစ်ဆေးရေးကဒ်နှင် အိမ်ထောင်စုစာရင်းများ ဆောင်ရွက်ပေးပါသည်။

## ၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**အိမ်မှုကိစ္စအပေါ် ဆောင်ရွက်မှု-** အမျိုးသမီးများက အမျိုးသားများထက် ပိုမိုပြီးအိမ်မှုကိစ္စအပေါ် တွင် ပါဝင်ဆောင်ရွက်ရသည်ကို တွေ့ရှိရပါသည်။ အမျိုးသားများက ဝင်ငွေထွက်ရှာနေရသောကြောင့် ဖြစ်ပါသည်။

**လုံခြုံမှု -** ကျေးရွာအတွင်း အမျိုးသားများသည် အမျိုးသမီးများထက် ပို၍လုံခြုံမှုရှိသည်ကို တွေ့ရှိရပြီး အမျိုးသမီးများသည် ခန္ဓာကိုယ်ဖွဲ့စည်းပုံအရ ပိုပြီးအားနည်းသည်ကိုတွေ့ရှိရပါသည်။

**ဝင်ငွေရရှိမှု -** အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေပိုရနေသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ အချိန်ကုန်နေရသောကြောင့်ဖြစ်ပါသည်။

**ဦးဆောင်နိုင်မှု -** ကျေးရွာ၏ဘာသာရေး၊ သာသနာရေးအစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာ မြန်မာ့ထုံးတမ်းအစဉ်လာအရ အမျိုးသားများကသာ ဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်

**အဖွဲ့အစည်းပါဝင်ခွင့်-** အမျိုးသမီးများနှင့် အမျိုးသားများသည် အဖွဲ့အစည်းများတွင် တန်းတူ ပူးပေါင်းပါဝင်ခွင့်မရသည်ကို တွေ့ရှိရပါသည်။ အမျိုးသားများသည် အမျိုးသမီးများထက် ဦးစားပေးခံရသည်ကို တွေ့ရှိရပါသည်။

**ပညာရေးပါဝင်မှု-** အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး မရရှိသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများက အမျိုးသားများထက် အနည်းငယ် ပို၍ ဦးစားပေးပညာသင်ခွင့် ရရှိသည်ကို တွေ့ရှိရပါသည်။

**အလုပ်အကိုင်အခွင့်လမ်း-** ကျေးရွာအတွင်းအမျိုးသားများသည် အလုပ်အကိုင် အခွင်အလမ်းရရှိမှုမှာ အမျိုးသမီးများထက် အနည်းငယ်သာသည်ကို တွေ့ရှိရပါသည်။

**ကျန်းမာရေး** ကျေးရွာအတွင်း အမျိုးသားများ နှင့် အမျိုးသမီးများသည် ကျန်းမာရေးမှာ ခြားနားမှု အနည်းငယ်ရှိပြီးအမျိုးသားများကပိုပြီးအားသာသည်ကိုတွေ့ရှိရပါသည်။

**၆။ပိုင်ဆိုင်မှု သုံးသပ်ခြင်း။**


အရင်းအမြစ်ထိန်းချုပ်မှုပြဇယား
၁၇.၁၁.၂၀၁၇
ကျား
မ
ကျား + မ
ဘုန်းတော်ကြီးကျောင်း
မြင်းကွင်း
စက်လှေ
အပ်ချုပ်စက်
အိမ်/ခြံဝင်း
စက်ဘီး
ရေကန်
လယ်/ယာ
ဆိုင်ကယ်



အရင်းအမြစ်သုံးစွဲမှုပြဇယား
၁၇.၁၁.၂၀၁၇
ကျား
မ
ကျား+မ
ခြင်းကွင်း
အပ်ချုပ်စက်
ဘုန်းတော်ကြီးကျောင်း
အိမ်/ခြံဝင်း
ရေကန်
လယ်/ယာ
စက်လှေ
ဆိုင်ကယ်
စက်ဘီး

## သုံးသပ်ချက်

**ထိန်းချုပ်မှု** ကျေးရွာ၏အရင်းအမြစ်များဖြစ်သော ဘုန်းတော်ကြီးကျောင်း၊ ခြင်းကွင်း၊ စက်လှေတို့ကို အမျိုးသားများက ထိမ်းချုပ်ထားပြီး၊ အပ်ချုပ်စက်ကို အမျိုးသမီးများက ထိန်းချုပ်ထားပါသည်။ အိမ်/ခြံဝင်း၊ စက်ဘီး၊ ရေကန်၊ တီဗွီ/မီး၊ လယ်/ယာ၊ ဆိုင်ကယ်တို့ကို အမျိုးသား/သမီးတို့ ကထိန်း ချုပ်ထား ပါသည်။ အမျိုးသမီးများသည် အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုတို့တွင် အမျိုးသားများထက်အားနည်းနေသည်ကိုတွေ့ရှိရပါသည်။

**အသုံးပြုမှု** ကျေးရွာ၏အရင်းအမြစ်ဖြစ်သော ခြင်းကွင်းကို အမျိုးသားများမှ အသုံးပြုထားပြီး အပ်ချုပ်စက်ကို အမျိုးသမီးများမှ အသုံးပြုထားသည်ကို တွေ့ရပါသည်။ အမျိုးသမီးနှင့် အမျိုးများ နှစ်ဦးလုံး အသုံးပြုသော အရင်းအမြစ်များမှာ ဘုန်းတော်ကြီးကျောင်း၊ အိမ်/ခြံဝင်း၊ ရေကန်၊ လယ်/ယာ၊ တီဗွီ/မီး၊ စက်လှေ၊ ဆိုင်ကယ်နှင့် စက်ဘီးတို့ဖြစ်ပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာပါဝင်ရန် သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်းပြောကြားထားပါသည်။ ကျေးရွာအုပ်စု အဆင့်တွင် နှစ်စဉ်ပြုလုပ်သောလုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများအကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သောလုပ်ငန်းများ ဖြစ်ပါက တူညီသောလုပ်ငန်းအတွက် တူညီသောလုပ်အားခများ ပေးချေရမည်ကိုလည်းပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများအခန်းကဏ္ဍကို ထည့်သွင်းထားပြီးအမျိုးသား/ အမျိုးသမီးခွဲခြားမှုများမရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များတိုးတက်လာစေရန်အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီတစ်ခုတိုင်းတွင်လည်း အနည်းဆုံးအမျိုးသမီးတစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သောအမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်းစသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်းပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကိုလွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်းလုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၄.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မရေးရာအခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သောကျား၊မရေးရာအကောင်အထည်ဖော်ရေးလိုအပ်ချက် (၅)ချက်ကိုရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေးပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကိုအစည်းအဝေးမစတင်မီအချိန်များကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှ အချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကိုသင်ဆွေးနွေး မေးမြန်းခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများဆောင်ရွက်ခဲ့တာများရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသားအချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအားအမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြ ဖစ်ကြောင်းအသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသောလူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကိုဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များကိုကျား၊မရေးရာလိုအပ်ချက်များအကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များအားလုံးတက်ရောက်နိုင်မှု ရှိ/မရှိစစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



**အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ**



**အမျိုးသားအုပ်စုမှတ်တမ်းတင်ဓါတ်ပုံ။**



ကော်မတီရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးထွန်းထွန်းဝင်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ကြူကြူဌေး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဒေါ်စန်းလွင် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးအေးကို | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊အဖွဲ့ဝင် |
| ၅ | ဒေါ်ခင်သန်းနု | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ခေါင်းဆောင် |
| ၆ | ဦးအာလူး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊အဖွဲ့ဝင် |
| ၇ | ဦးမြလွင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်ဇင်ဇင်ငယ် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးဝင်းနိုင် | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်ယုယုလွင် | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးတင်ကိုဦး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်ပန်းအိဖြူ | မ | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်ဇာခြည်ဦး | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၃) ယောက်        ကျား-၇ယောက် + မ- ၆ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဒေါ်ကြူကြူဌေး        ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ

၂။ဦးထွန်းထွန်းဝင်း        ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဋ္ဌ

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်အေးအေးမြိုင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။၂၁.၁.၂၀၁၈

## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးကျော်လှိုင် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-257357774 | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ဇော်ဇော်မြင့် |
| ပြည်နယ်၊တိုင်းဒေသကြီး ရန်ကုန် မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ဖြကွင်း | ကျေးရွာ ကျုံချိုက် |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | 148 | ဘာသာ (၁) ---ဗုဒ္ဓ--- | 148 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | – | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 19 | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 331 | 174 |
| လူမျိုးစု (၁)---ဗမာ--- | 331 | 174 |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 112 | 36 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား [illegible] | ☑ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမားရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား [illegible] | ☐ | ☑ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း ✓ | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ ✓/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၇---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ---30 minute--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန် ---45 minute--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ---စက်လှေ---

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---ရေကြီးခြင်း---

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မြစ်ကျောင်း---

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးကျော်လင်း

လက်မှတ် နေ့စွဲ 11.10.2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်အေးအေးမြင့်

လက်မှတ် နေ့စွဲ 11.10.2017

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဇော်ဇော်မြိုင် | | | |
| နေ့စွဲ 17-11-2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ရခိုင် | မြို့နယ် ကျောက်ဖြူ | ကျေးရွာအုပ်စု မြကိုင် | ကျေးရွာ ကျွဲချိုကန် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်း ၊ သွားလာရခက်ခဲခြင်း | ၁ | ရေပြဿနာ စိတ်ချရမှုမရှိခြင်း |
| ၂ | တံငါသည်များ ပင်လယ်သို့ ထွက်ရာတွင်ခက်ခဲခြင်း | ၂ | သွားရေးလာရေးခက်ခဲခြင်း |
| ၃ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း | ၃ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း |
| ၄ | ကျန်းမာရေး အတွက် အဆောက်အအုံ ခက်ခဲခြင်း | ၄ | ပညာရေးတွင်အခက်အခဲရှိခြင်း |
| ၅ | မုန်တိုင်းကြောင့် ရှိသည့်အတွက် ကလေးများ ပညာသင်ကြားရာတွင် ခက်ခဲခြင်း၊ ၂၄ နာရီ မီး ခက်ခဲခြင်း | ၅ | အလှူအကိုင် ရှားပါးခြင်း၊ ကျန်းမာရေး ဆောင်ရွက်ရာတွင် အခက်အခဲရှိခြင်း၊ အခက်အခဲရှိခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ဆေးပေးခန်း ရှိပြည့်စုံလာမည် | ၁ | ကျန်းမာရေး ဆေးပေးခန်း ရှိလာမည် |
| ၂ | ပညာရေး ကောင်းမွန်လာမည် | ၂ | ပညာရေးတွင် ကျောင်းဆောင်များ ရှိလာမည် |
| ၃ | ကျန်းမာရေးတွင် ကောင်းမွန်လာမည် | ၃ | ကျန်းမာရေး ဆောင် ကျောက်များ ရှိလာမည် |
| ၄ | ပင်လယ်သို့ သွားရာတွင် အဆင်ပြေလာမည် | ၄ | လမ်းပန်းဆက်သွယ်ရေးတွင် ကောင်းမွန်လာမည် |
| ၅ | ရွာတွင်း လမ်းများ ကောင်းမွန်လာမည်၊ ၂၄ နာရီ မီး ရှိလာမည် | ၅ | ၂၄ နာရီ မီး ရှိလာမည်၊ လုံခြုံမှု ရှိလာမည်၊ အလုပ်အကိုင်များ ရှိလာမည် |

**ဂ။** လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်း ကွန်ကရစ် လမ်း ခင်းခြင်း | ကျား+မ | ၃၅၀၀၀,၀၀၀ | 505 |
| ၂ | Solar မီး တိုင် | ကျား+မ | ၅၀၀၀၀,၀၀၀ | 505 |
| ၃ | ဆေးပေးခန်း | မ | ၃၅၀၀၀,၀၀၀ | 505 |
| ၄ | ရေတိုင်ကင် | ကျား+မ | ၃,၀၀,၀၀၀ | 505 |
| ၅ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | ရေပြင် [illegible] | ကျား+မ | |
| | အသက်မွေးဝမ်းကျောင်းသင်တန်း | ကျား+မ | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ 17.11.2017

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

ကျွဲချိုကုန် ကျေး ရွာ

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ရွာတွင်း ကွန်ကရစ် ခင်း ခြင်း | ☑မ ☑ကျား | | |
| | ၂ | Solar လမ်းမီး တိုင် | ☐မ ☐ကျား | | |
| | ၃ | ရေတွင်း တူးဖော်ခြင်း | ☐မ ☐ကျား | | |
| | ၄ | ရေ[illegible]ပေါက် | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | ငါးဖမ်း နည်း ပညာ | ☐မ ☐ကျား | | |
| | ၂ | အသက်မွေး ဝမ်း ကျောင်းအတွက်ပညာ သင်တန်း | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ဘုန်းတော်ကြီးကျောင်း

ပြုလုပ်သည့်နေ့ရက် ။ 17.11.2017

ပြုလုပ်သည့်အချိန် ။ 10:00 နာရီမှ 3:00 နာရီထိ

ကျေးရွာအုပ်စုအမည် ။ မြကျိုင်း

မြို့နယ်အမည် ။ ကျောက်တန်း

ကျေးရွာအမည် ။ ကျုံ့ချိုင်း

အစည်းအဝေးတက်ရောက်သူဦးရေ ။ ကျား (25) ဦး၊ မ (56) ဦး၊ ပေါင်း - (80) ဦး

အကြောင်းအရာ ။ ပထမအကြိမ်အစည်းအဝေး

ဆွေးနွေးချက် ။ ။ စီမံကိန်းမှ အစည်းအဝေးကို ကျေးရွာ ရပ်မိရပ်ဖ ခေါင်းဆောင် ဦးကျော်လှိုင်းမှ အဖွင့်အမှာစကားပြောကြားကာ အစည်းအဝေးကို စတင်ခဲ့ပါသည်။

ထို့နောက် စီမံကိန်း မိတ်ဆက်ခြင်း အချက်များကို လည်း ဒေါ်ဂျင်ဖြူ ကျေးရွာ လူထုပိုင်ဆိုင်မှုစီမံကိန်း အကြောင်း သိရှိမှု ရှိ/မရှိ ကိုလည်း မေးမြန်းခဲ့ပါသည်။

စီမံကိန်းစက်ဝန်းကိုလည်း ဒေါ်ဂျင်ဖြူ ပြခဲ့ပါသည်။

ထို့နောက် ဒေသနာဝင်တစ်ဦး ရွေးချယ်မှုပုံစံ ပတ်သက်၍ ထားရှိရမည့် အချက်များ အား ဒေါ်ဂျင်ဖြူ ယာဉ်နှင့် မှ ရှင်းလင်းပြီး ဖြစ်သော ဒေသနာဝင်တစ်ဦး ပြောပြီး အား ~~မေးမြန်းခဲ့~~ ကျေးရွာ လူထုရှေ့တွင် စီမံကိန်း ဒုတိယနှစ်တွင် ဒေသနာဝင်တစ်ဦး ကိုလည်း ထိုင် ကိုယ်စိတ်ပါ ကိုလည်း မေးမြန်းခဲ့ပြီး အချို့ သားထဲမှ ဦး တစ်ဦး မှ ဆောင်ရွက် ကိုယ်စိတ်ပါပြီး အချို့ သားထဲမှ လည်း ထိုင် ကိုယ်စိတ် မရှိသောကြောင့် အချို့ သားတစ်ဦး အား ရွေးချယ် တင်ပြခဲ့ကြသည်။

ဆွေးနွေးချက် ၈
ဆုံးဖြတ်ချက်
သဘောတူညီချက်

၈ တို့ရောက်အသိုင်းသားထဲမှ ဓလေ့ထုံးတမ်းကို ဖော်ပြန်းတင်ပြမှု ရှိခဲ့ပြီး ထိုအချက်အား ကျေးရွာလူထု၏ ထိန်းသိမ်းဆောင်ရွက်လိုစိတ်ရှိမရှိကို မေးမြန်းရာ လုပ်ကိုင်လိုစိတ်ရှိသည့်အတွက် ဓလေ့ထုံးတမ်း ရှေ့ဆက်ထိန်းခဲ့ပါသည်။ ၈ တို့ရောက် ကျေးရွာမှ ရွာသူကြီး ဦးမြ ဒေါင်း စသည် (၆၂ ဦး) ကို အဘသီးဖြစ် ရသည့်အချက်များကိုမြင်သဖြင့် လုပ်ဆောင်ရန် မကို သော ဒေါင်းခင်များအား ချလပ်ခဲ့ပြီး လုပ်ဆောင် ရသည့် အခေါင်းခင်များကို ဆောင်ရွက်ပါကသည်း စာဝေးကို ရှပ်သိမ်းခဲ့ပါသည်။

( မှတ်တမ်းတင်သူ )

ဦးတင်ကိုဦး
(ဓလေ့ထုံးတမ်း)

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ဘုန်းတော်ကြီးကျောင်း

ပြုလုပ်သည့်နေ့ရက် ။ 17.11.2017

ပြုလုပ်သည့်အချိန် ။ 1၂:00 နာရီမှ ၁:00 နာရီထိ

ကျေးရွာအုပ်စုအမည် ။ မြကိုင်

မြို့နယ်အမည် ။ ကျောက်တန်း

ကျေးရွာအမည် ။ ကျုံချိုက်

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ( ၂၅ ) ၊ မ ( ၅၆ ) ၊ ပေါင်း ( ၈၁ ) ဦး

အကြောင်းအရာ ။ နိုဝင်ဘာလ ကော်မတီ အစည်းအဝေး

ဆွေးနွေးချက် ။ ။ စီမံကိန်း လုပ်ငန်းခွဲနှင့် ပတ်သက်၍ အဆိုပါလုပ်ငန်း
ဝန်းကျင်ရေး လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းခွဲအား
ဆွေးနွေးခြင်း

ဆွေးနွေးချက် ။ ။ စီမံကိန်း လုပ်ငန်းခွဲအား ဦးဆောင်လုပ်ကိုင်မည့် စီမံခန့်
ခွဲမည့် ကော်မတီအား ယခုဇူလိုင်လ ကြွင်းပြန်လည်
ကိုရွေးချယ်ရန်အား ဆွေးနွေးခြင်း

ဆုံးဖြတ်ချက် ။ ။ စီမံကိန်း နှင့်ပတ်သက်၍ ဝန်းကျင် လုပ်ကိုင်ဆောင်
သဘောတူညီချက် ရွက်မည့် လုပ်ငန်းခွဲအားဖြင့်လည်း ရွေးချယ်မှု
ကို ကျေးရွာလူထုနှင့် ဆွေးနွေးရာတွင် ကျေးရွာလူထု
အစည်းအဝေး တက်ရောက်သူများ အားလုံးမှ
ယခုနှစ်မှ စတင်ရှိသော လုပ်ငန်း ဖြစ်သည့် ရွာတွင်း
လမ်းများ အား ဆက်လက်လုပ်ကိုင်ဆောင်ရွက်
ရန် သဘောတူညီကြပါသည်။

ဆုံးဖြတ်ချက် ။
သဘောတူညီချက်

။ ဆိပ်ကမ်း လုပ်ငန်းခွဲများ အား ဦးဆောင်လုပ်ကိုင်မည့်
ကော်မတီဝင်များ အား ရွေးချယ်ရာတွင် ယခင်ရှိခဲ့
မှ ကော်မတီဝင်များ အား လုပ်ဆောင်လုပ်ကိုင်ခြင်း
ပြီး တစ်ဦးခြင်း ကျေးရွာလူထုရှေ့တွင် မေးမြန်း
ခဲ့ရာ ဝယ်ယူရေး ဆပ်ကော်မတီ(၂)ဦး ၊ ငွေစာရင်း
ကိုင် ၊စောင့်ကြည့်ကြီးကြပ်ရေး (၂)ဦး ၊လည်
ပတ်ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီမှ
အမျိုးသမီး တစ်ဦးတို့မှ ဆိပ်ကမ်း မှန်ကန်တင်ပြခဲ့
သောကြောင့် ပြန်လည်စိစစ်တင်ပြ ချွားထားသော
ကော်မတီများ အား ကိုယ်စားလှယ် ရွေးချယ်ခဲ့ပါသည်။
ပထမဦးစွာ ဝယ်ယူရေး ဆပ်ကော်မတီ အား
ရွေးချယ်ရာတွင် အမျိုးသား (၃)ဦးနှင့် အမျိုးသမီး
သမီး (၃)ဦး အဆိုပြုလာကြပါသည်။ ၎င်း
များမှာ

| | |
|---|---|
| ၁ ဦးအောင်ကို | ၄ ဒေါ်ခင်ဝင်းကျင် |
| ၂ ဦးကျော်ဝင်းဦး | ၅ ဒေါ်မြရွှန်း |
| ၃ ဦးဆွေဝင်း | ၆ ဒေါ်တင်မြင့် |

မဲအသီးသီး ရရှိခဲ့ပြီး မဲအများဆုံးရရှိသော
ဒေါ်ခင်ဝင်းကျင် မဲအများဆုံးရရှိပြီး ဝယ်ယူရေး
ခေါင်းဆောင်နှင့် အဖွဲ့ဝင်အဖြစ် ဦးအောင်ကိုတို့မှ
အသီးသီး ဖြစ်လာကြပါသည်။

ဆုံးဖြတ်ချက် ။
သဘောတူညီချက်

။ ထို့နောက် ဒေါင့်ကြည့် ကြီးကြပ်ရေး ဆပ်ကော်
မတီဝင်များ အား ရွေးချယ်ထားသော
မဲရလဒ်များကိုလည်း အောက်ပါအတိုင်း ရွေး
ချယ်ခဲ့ပါသည်။

၁။ ဒေါ်ခင်သောင်းနု   ၁။ ဦးအာရုံ
၂။ ဒေါ်ရင်ရင်မြင့်   ၂။ ဦးကျော်သောင်းဦး
၃။ ဒေါ်စန်းဝင်း   ၃။ ဦးဝင်းကိုနိုင်

မဲများကို အသီးသီး ရရှိခဲ့ကြပြီး မဲအများ
ဆုံးဖြစ်သော ဒေါ်ခင်သောင်းနု ဒေါင့်ကြည့်
ကြီးကြပ်ရေး ခေါင်းဆောင်အဖြစ် အဖွဲ့ဝင်အဖြစ်
ဦးအာရုံမှ ကော်မတီဝင်အဖြစ် ရွေးခဲ့ပါ
သည်။
လည်ပတ်ဖြန့်ဖြူးထိန်းသိမ်းရေး ဆပ်ကော်မတီ
ဝင် တာဝန် ၃ ဦးကိုလည်း ရွေးချယ်ရာ
၁။ ဒေါ်ခင်ခင်ငယ်
၂။ ဒေါ်မြင့်စိန်
၃။ ဒေါ်ရင်ရင်မြင့်
မဲအသီးသီး ရရှိခဲ့ပြီး မဲအများဆုံးဖြစ်သော
ဒေါ်ခင်ခင်ငယ်မှ လည်ပတ်ဖြန့်ဖြူး ကော်မတီ
ဥက္ကဋ္ဌ ရာထူးကို ရရှိခဲ့ပါသည်။

ဆုံးဖြတ်ချက် ။ ။ စာရင်းကိုင် ရွေးချယ်ရာတွင်လည်း အောက်ပါ

သဘောတူညီချက်

ပုဂ္ဂိုလ်အား မဲပေးခဲ့ကြပါသည်။

၁။ ဒေါ်အေးခြည်ဝင်း

၂။ ဦးကျော်ဆန်းဝင်း

၃။ ဒေါ်မြင့်ဆန်း

မဲများကို အသီးသီး ရေတွက်ခဲ့ကြပြီး မဲအများဆုံး ဖြစ်သော ဒေါ်အေးခြည်ဝင်းမှ စာရင်းကိုင် ရာထူးကို ရယူခဲ့ပါသည်။

ထို့နောက် မဲများကို အသီးသီး ရေတွက်ခဲ့ကြပြီး ကျေးရွာလူထုသို့ မဲရရှိသော သူများအား ကော်မတီဝင်အဖြစ် ထားရှိ၍ သဘောတူညီမှု ရှိ၍ ကိုမေး၍ ကျေးရွာလူထုမှ ဝသော သဘောတူညီခဲ့ကြပြီး အားပေး၍ ကိုလက်ခုပ်တီး ခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဦးတင်ကိုဦး
(စေတနာ့ဝန်ထမ်း)

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ vennပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများအသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သောအဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊